ခရမ်းပြာ စီစဉ်သည်၊

# NEWS
# အရှေ့ အနောက် တောင် မြောက်



လူနေ၊ သိုးဆောင်း၊ မိုးစက်ရိုင်၊ သည်ခေတ်နေ

# ဖော်လပ်(ဖ်)
# (for love)
## လူနေ

(၁)

နိုင်ငံငယ်လေးတစ်ခုရှိ အခမ်းအနားတစ်ခုတွင် သတို့သားတစ်ဦးသည် သတို့သမီးငါးဦးနှင့် လက်ထပ်ပွဲကျင်းပနေ၏ ။

အခြားလူများ ကြည့်သည်ဆိုပါက ထိုအ ဖြစ်အပျက်သည် ထူးဆန်းသည်ဟု ဆိုနိုင်သော်လည်း ထိုနိုင်ငံလေးရှိ လူများ အတွက်တော့ ဖြစ်ရိုးဖြစ်စဉ် မင်္ဂလာပွဲတစ်ခုသာ ဖြစ်သည်။

အမျိုးသားတစ်ဦးက အမျိုးသမီးငါးဦးနှင့် တပြိုင်နက်လက်ထပ်ခြင်းသည် သူတို့အတွက်တော့ မထူးဆန်းသည့် ကိစ္စတစ်ခုသာ ဖြစ်သည်။

ထိုနိုင်ငံငယ်လေးသည် မထင်ရှားသော နိုင်ငံငယ်လေးတစ်ခုလည်း ဖြစ်သည်။

(၂)

လွန်ခဲ့သည့် နှစ် ပေါင်း(၁၀) ခန့်မှစ၍ နိုင်ငံအတွင်း ၌ လူဦးရေသည် မညီမမျှ ဖြစ်လာခဲ့သည်။

ထိုနှစ် အစိုးရ၏ ထုတ်ပြန်ချက်များ အရ အမျိုးသမီးဦးရေသည် နိုင်ငံ၏ အမျိုးသားဦးရေထက် 75% ပိုများ လာသည်ကို အံ့သြဖွယ်တွေ့ ရှိခဲ့ရသည်။

နိုင်ငံ၏ မှီခိုသူ အမျိုးသမီးဦးရေများ သည် အပျိုကြီးများ ဖြစ်လာကြခြင်းနှင့် စိတ်ရောဂါဆိုင်ရာလက္ခဏာများ ကြောင့် နိုင်ငံငယ်လေးအုပ်ချုပ်သူများ မှာ အတော် ပင်အလုပ်ရှုပ်ခဲ့ကြသည်။

ကုန်းပစ္စည်းထုပ်လုပ်မှုအပိုင်းနှင့် မျိုးဆက်ပွားမှုအပိုင်းလည်း ကျဆင်းလာခဲ့သည်။

အကြောင်းအမျိုးမျိုးအဖြေရှာခဲ့သော်လည်း မတွေ့ရှိခဲ့ပဲ နိုင်ငံငယ်လေး၏ ပြဿနာများ စွာထဲက ပြဿနာတစ်ခုအ ဖြစ်သာ ကျန်ရစ်ခဲ့လေသည်။

အုပ်ချုပ်သူပြောင်းလဲတိုင်းလည်း ထိုပြဿနာကို တစ်နည်းမဟုတ် တစ်နည်းဖြေရှင်းလေ့ရှိသည်။

အမျိုးသားမွေးဖွားသော မိခင်ကို နိုင်ငံတော် က ထောက်ပံ့စရိတ်နှင့် အစစအရာရာ တာဝန်ယူပေးခြင်း အခြားဆေး ပညာဆိုင်ရာ ကိစ္စရပ်များ အား ပြုပြင်ပြောင်းလဲခြင်း စသည်တို့ ပြုလုပ်ခဲ့ကြသော်လည်း ထူးခြားမှုများ မရှိလာခဲ့ပေ...။

ထို့ပြင် နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ လည်း ကျဆင်းခဲ့သည်။ ထို့အတွက် နိုင်ငံ၏ လုပ်အားဈေးကွက်တွင် လည်း လုပ်သားရှားပါးမှု ကြုံတွေ လာခဲ့ရသည်။

ထို့ကြောင့် ၁၉၇၇ ပြည့်နှစ် နှောင်းပိုင်းတွင် တက်ရောက်သော နိုင်ငံငယ်လေးအုပ်ချုပ်သူများ က ဥပဒေတစ်ရပ်ကို ပြဌာန်းပေးခဲ့ရလေသည်။

ထိုဥပဒေမှာ -

လက်ထပ်ထိမ်းမြားမှု ပြောင်းလဲခြင်းဆိုင်ရာ ဥပဒေ ဖြစ်သည်။

(၃)

အမျိုးသားတစ်ဦးသည် မိမိနှစ်သက် သည့် (ချစ်ခင်သည့်) မိန်းကလေးတစ်ဦးကို လက်ထပ်မည် ဆိုပါက လူဦးရေရုံးရှိ လက်ထပ်သင့်သည့်အမျိုးသမီးများ စာရင်းပါ အမျိုးသမီးစီနီယာလေးဦးအား

မိမိချစ်ခင်လက်ထပ်မည့် မိန်းကလေးနှင့်အတူ တစ်ပြိုင်နက်တည်း လက်ထပ်ရမည် ဆိုသည့် သဘောမျိုးပါ ဥပဒေပင် ဖြစ်သည်။

ထိုဥပဒေထွက်ပြီးနောက် နိုင်ငံအတွင်း ၊ရှိ အမျိုးသားများ သည် မကျေမနပ် ဖြစ်ကာ ကန့်ကွက်ချက်များ ပြုလုပ်ကြသည်။ သူတို့က

- လူနေထိုင်မှုစရိတ်မြင့်မားနေခြင်း

- ဝင်ငွေလမ်းများ နည်းပါးခြင်း

- တာဝန်ပိုမိုများ ပြားခြင်း

- မချစ်ခင်မနှစ်သက် ခြင်

စသည့်ပြဿနာများ ကိုအကြောင်းပြကာ မိမိလက်ထပ်မည့် အမျိုးသမီးမှလွဲ၍ ကျန်လေးဦးအား လက်မထပ်နိုင်ကြောင်း ကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် အုပ်ချုပ်သူများ က ထိုပြဿနာပြေလည်နိုင်စေရန်အတွက် ထိုသို့ လက်ထပ်သူ အမျိုးသားများ အတွက် အခွင့်အရေး များ တိုးပေးခြင်း၊ ခံစားခွင့်များ သတ်မှတ်ခြင်းစသည့် နည်းလမ်းများ သုံးကာ ဖြေရှင်းခဲ့ကြသည်။

ကန့်ကွက်သူအမျိုးသားကလည်း ထိုသို့ သော ပြေလည်မှုများ ကြောင့် ထိုဥပဒေကို လက်ခံလာခဲ့ကြသည်။

ဤသို့ ဖြင့် ထိုဥပဒေမှာ နှစ် ပေါင်းများ စွာတိုင် တည်တံ့လာခဲ့သည့် ဥပဒေတစ်ခု ဖြစ်လာခဲ့သည်။

(၄)

ပန်းခြံလေးတစ်ခုတွင် လူငယ်စုံတွဲ တစ်တွဲ ငြိမ်သက်စွာထိုင်နေကြလေသည်။ တစ်ဦးကိုတစ်ဦး မကြည့်ကြဘဲ ရှေ့သို့ သာတွေဝေငေးမောကြည့်နေကြသည်။

ကောင်းမလေး၏ ပခုံးကိုတော့ ကောင်လေးက ဖက်ထားလေသည်။

သက်ပြင်းရှိုက်သံများ ကလည်း သူတို့နှစ် ဦးကြားမှာ ခကြာခဏ ဆိုသလို ထွက်လာလေ့ရှိသည်။

ထိုချစ်သူနှစ် ဦးသည် လာမည့်တစ်ပတ်တွင် လက်ထပ်ကြမည့် ချစ်သူနှစ် ဦးလည်း ဖြစ်သည်။

"မောင်က ကျွန်မအပြင် အခြားမိန်းမလေးယောက်နဲ့ပါ တစ်ပြိုင်နက် လက်ထပ်ရမှာ ပေ့ါနော်"

ကောင်မလေး၏ တိုးတိုးလေးပြောသံကြောင့် ကောင်မလေးမှာ စိတ်မကောင်း ဖြစ်သွားပုံရသည်။

အရင်ကထက် ကောင်မလေး၏ ပုခုံးကို ခပ်တင်းတင်းလေးဖက်ထားမိသည်။ ငိုရှိုက်သံသဲ့သဲ့လေးကို ကြားရ၏ ။

ရင်မောသွားရသည်။ လောကတွင် သူအချစ်ဆုံးကောင်မလေး၏ ငိုသံက သူ့ရင်ကို ပူလောင်စေသည်။

နောက်တစ်ပွင့်တွင် သူတို့လက်ထပ်ကြတော့မည် ။ ထိုအခါရုံးရှိ အရွယ်ရောက်ပြီး လက်မထပ်ရသေးသည့် အမျိုးသမီးလေးယောက်ကိုပါ ပူးတွဲ လက်ထပ်ရမည် ။

ဥပဒေကြောင်းအရ လက်ထပ်ခြင်း ဖြစ်သော်လည်း လူမှုရေး အရ တာဝန်ထမ်းဆောင်မှုများ မှာ များ ပြားလှပေသည်။

သို့ သော် အကူအညီများ စွာရရှိပေမယ့်လည်း သူချစ်သော ကောင်မလေးတစ်ယောက်ကိုသာ လက်ထပ်လိုပေသည်။

(၅)

ကောင်လေးသည် `လူဦးရေထိန်းချုပ်ရေး ရုံး' အဆောက်အဦးထဲသို့ လှမ်းဝင်လိုက်သည်။ ပြီးနောက် ရုံးလမ်းညွှန်များ ကိုကြည့်ပြီး အခန်းတစ်ခန်းရှေ့၌

ရပ်သည်။

အရာရှိရုံးခန်းဆိုတာ သေချာသွားပြီဆိုမှ အထဲဝင်လိုက်သည်။ ခုံတွင် ထိုင်နေသော အရာရှိအမျိုးသမီးကြီးက သူ့ကိုလှမ်းကြည့်သည်။

"ဘာကိစ္စလဲ"

"လက်ထပ်ဖို့ ခွင့်ပြုမိန့်လျှောက်လွှာ လာတင်တာပါ" အမျိုးသမီးကြီးမှာ ဝမ်းသာအားရ ဖြစ်သွားပြီး 'လာပါ၊ ထိုင်ပါ' ဆိုပြီး လောကွတ်ပြုလိုက်၏ ။

တစ်နေ့တစ်ခြား လက်ထပ်မယ့်လူရှားပါးလာခြင်းကြောင့် အထက်အရာရှိများ က အမြဲလိုလိုကြိမ်းမောင်းလေ့ရှိသည်။

သူတို့ဌာနကလည်း နိုင်ငံအတွင်း းလက်ထပ်ဖို့ နှိုးဆော်ခြင်း၊ ကြေငြာခြင်း၊ ဆွဲဆောင်ခြင်း၊ မက်လုံးများ ပေးခြင်း စသည်တို့ဖြင့် ပြုလုပ်ကြသောလည်း နိုင်ငံ၏ လက်ထပ်မည့်ဦးရေမှာ ကျဆင်းလျက်ပင်ရှိနေသေးသည်။

အခုလို တကူးတက လာလျှောက်ခြင်းအတွက် ဝမ်းသာအားရ ကြိုဆိုခြင်း ဖြစ်သည်။

"ဘယ်သူနဲ့ လက်ထပ်မှာ လဲ"

"No.3 ဒေသမှာ နေတဲ့ ကျွန်တော့်ချစ်သူကောင်မလေးနဲ့ပါ၊ အမျိုးသမီးကြီးက ပြုံးလိုက်ပြီး ကောင်လေးပေးသော စာရွက်စာတမ်းများ ကို လှမ်းယူလိုက်သည်။

"ချောချောလေးပဲ၊ ကြိုက်တာကြာပြီလား"

ကောင်လေးက ခေါင်းငြိမ့်ပြသည်။

"ဘယ်တော့ လက်ထပ်ချင်တာလဲ"

"လာမယ့်တစ်ပတ်အတွင်း းမှာ ပါ"

အမျိုးသမီးကြီးက သူ့ Note ထဲတွင် လိုက်မှတ်နေလေသည်။

ထို့နောက် သူ့ရှေ့ရှိ ဖိုင်ကြီးများ ထဲမှ ဖိုင်တစ်ခုကို ဆွဲထုတ်လိုက်သည်။ ကောင်လေးမှာ ရင်ခုန်သွားသည်။

ဖိုင်ကို မျက်လုံးစိမ်းစိမ်းနဲ့ စိုက်ကြည့်နေလေသည်။

"ရော့...နံပါတ်စဉ်အရ မင်းလက်ထပ်ရမယ့် လေးယောက်"

ချက်ခြင်းမဖွင့်ကြည့်သေးပဲ လက်ထဲမှာ ကိုင်ထားမိသည်။ အမျိုးကြီးက ခေါင်းငြိမ့်ပြသည်။

ဖွင့်ကြည့်ဆိုသည့် သဘော ဖြစ်သည်။ ဖိုင်ထဲတွင် သူပူးတွဲ လက်ထပ်ရမည့်သူများ ၏ အချက်အလက်အပြည့်အစုံနှင့် ဓာတ်ပုံများ ပါဝင်သည်။

"အိမ်ရောက်တော့မှပဲ ကြည့်ပါတော့မယ်"

အမျိုးသမီးကြီးက ဘာမှမပြောတော့ပါ။

"ကျွန်တော် ဘယ်နေ့လောက် ထပ်လာရဦးမှာ လဲ"

"မနက်ဖြန်လာခဲ့ပါ၊ အဲ့ဒီအခါကျရင် လက်ထပ်ခွင့်ပြုချက် စာရွက်စာတမ်းတွေ ရလိမ့်မယ်"

"ဟုတ့်ကဲ့"

ထိုင်ရာမှ ထလိုက်သည်။

အမျိုးသမီးကြီးကို ဦးညွတ်လိုက်ပြီး လှည့်ထွက်လိုက်သည်။

"ကောင်လေး"

"ဗျာ"

နောက်ကို လှည့်ကြီးပြီး ပြန်ထူးလိုက်သည်။

“လက်ထပ်ရမယ့်အတွက် ပျော်နေလား”

သူဘာမှ ပြန်မပြောပဲ ရုံးခန်းထဲမှ တိတ်တဆိတ်ပြန်ထွက်လာခဲ့သည်။

လက်ထဲက ဖိုင်များ ကိုတော့ စိတ်မသက်သာစွာ ကြည့်မိလိုက်သည်။ ထို့ပြင် သူချစ်ရသော ကောင်မလေး၏ မျက်နှာကိုလည်း အတွေ းထဲပေါ်လာ၏ ။

သူချစ်ရသော ကောင်မလေး၏ အိမ်ရှေ့တွင် ရပ်လိုက်သည်။ လက်ထဲက ဖိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။

ရင်ထဲမှာ တော့ စိတ်မသက်သာသလို ခံစားနေရပြီး အလိုမကျမှုအချို့လည်း ဖြစ်ပေါ်နေလေသည်။

"ဒေါက်…ဒေါက်"

တံခါးခေါက်လိုက်သည်။

ခဏအကြာတွင် သူချစ်ရသော ကောင်မလေးထွက်လာ၏ ။ မျက်နှာက ညှိုးငယ်နေပြီး သူ့လက်ထဲက ဖိုင်ကိုကြည့်ကာ သက်ပြင်းချလိုက်ပြန်၏ ။

"အဆင်ပြေလား"

ခေါင်းမငြိမ့်မိ…။ ဘာမှ ပြန်မပြောမိပဲ အာစေးထည့်ထားသလို ဖြစ်နေသည်။

အိမ်ထဲသို့ ဝင်လိုက်ပြီး တစ်နေရာတွင် ဖိုင်လေးခုအား တင်ထားလိုက်သည်။ ထို့နောက် သူ့ဘေးနားမှာ လာရပ်သော သူ့ချစ်သူကို တအားဖက်ထားလိုက်သည်။

"ငါ သူတို့လေးယောက်ကို လက်မထပ်တော့ဘူး"

"ဟင်… ဖြစ်… ဖြစ်ပါ့မလား"

ကောင်မလေး၏ စိုးရိမ်မှုနှင့်အတူ စိတ်လှုပ်ရှားသွားတာကို တွေ့ လိုက်ရသည်။

"ငါ…နင်ကလွဲပြီး ဘယ်သူ့နဲ့မှ လက်မထပ်ချင်ဘူး၊ ငါ… နင့်တစ်ယောက်ကိုပဲချစ်တာ၊ နင့်တစ်ယောက်ထဲကိုပဲ သီးသန့်တစ်ဦးထဲ

လက်ထပ်ချင်တယ်”

ကောင်မလေးက ငိုနေပြီ ဖြစ်သည်။ မ ဖြစ်နိုင်မှန်းသိသော် လည်း ရင်ထဲက ကြည်နူး၍ ငိုမိခြင်း ဖြစ်သည်။

သူချစ်ရသော ကောင်လေးကိုလည်း တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။

“မ ဖြစ်နိုင်ဘူးထင်တယ်”

ကောင်မလေးက နောက်တစ်ခေါက် ထပ်ပြောသည်။

ကောင်လေးကလဲ တစ်ခွန်းတည်းသော စကားကိုသာဆိုသည်။

“ ဖြစ်နိုင်ပါတယ်”

(၇)

“ဒါ…ဥပဒေပဲ ကောင်လေး”

အမျိုးသမီးကြီးက သူတင်ပြသော စာရွက်ကိုဖက်ကြည့်ပြီး ပြောသည်။

“ကျွန်တော် က ကျွန်တော့်ချစ်သူကလွဲပြီး ဘယ်မိန်းမနဲ့မှ လက်မထပ်ချင်ပါဘူး” အမျိုးသမီးကြီးက သက်ပြင်းချသည်။

“အမလည်း ပူးတွဲ လက်ထပ်ခံရတာ ပဲ ကောင်လေး၊ အမယောကျ်ားက အမကို ချစ်လို့မဟုတ်ပါဘူး၊ ဥပဒေအရ ပူးတွဲ လေးယောက်မှာ အမ တစ်ယောက်လည်း အပါအဝင်ပေ့ါ။ အစပိုင်းတော့ နည်းနည်း ခက်ခဲတာပေ့ါ ကောင်လေး၊ အခုတော့အားလုံးအေးဆေးပါပဲ”

သူ့ကို သေချာရှင်းပြနေသည်။

ခေါင်းခါလိုက်သည်။

“မရဘူး၊ ကျွန်တော် ကတော့ ကျွန်တော် ချစ်တဲ့ သူတစ်ယောက်ထဲနဲ့ပဲ

လက်ထပ်မယ်”

ရုံးခန်းလေးအတွင်း း တိတ်ဆိတ်သွားသည်။

နှစ် ဦးသားအသက်ရှုသံမှတစ်ပါး ဘာမှမကြားရချေ…။

အမျိုးသမီးကြီးက သူတင်ထားသော စာကို နောက်တစ်ခေါက်ထပ်ဖက်လိုက်သည်။

သို့

တာဝန်ခံချုပ်

လူဦးရေထိန်းချုပ်ရေး ရုံး

ဒေသ (၁)….နိုင်ငံငယ်။

အကြောင်းအရာ။ ။ တစ်ဦးတည်းလက်ထပ်ခွင့်ပြုပါရန် တင်ပြခြင်း။

ကျွန်တော် သည် ဒေသ(၃)၊ ….နေ၊ အဖ….၊ အမိ….တို့၏ သမီး…..နှင့် ချစ်ကြိုက်ခဲ့သည်မှာ (၂) နှစ် တိတိ ရှိပြီ ဖြစ်ပါသည်။

သို့ ဖြစ်၍ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်တွယ်ကာ အတူတူနေထိုင်ရန်အတွက် လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။

နှစ် ဦးသားလည်း ပျော်ရွှင်ကြပါသည်။ သို့ သော် ဒီနိုင်ငံဥပဒေအရ ကျွန်တော့်မှာ အခြားအမျိုးသမီးလေးယောက်အားလည်း ပူးတွဲ လက်ထပ်ရမည် ဖြစ်ပါသည်။

ထိုသို့ သော လက်ထပ်မှုမျိုး ကျွန်တော် လက်မထပ်ချင်ပါ။ မိမိချစ်သော ကောင်မလေးတစ်ဦးကိုသာ လက်ထပ်ပြီး စည်းစည်းလုံးလုံးနေသွားချင်ပါသည်။ ကျွန်တော် နှင့် ကျွန်တော် ချစ်ရသော ကောင်မလေးကလည်း ထိုကဲ့သို့ လက်ထပ်မှုကြောင့် စိတ်မချမ်းမသာ ဖြစ်နေရပါသည်။

ထို့ကြောင့် မိမိနှစ် ဦးထဲသာ လက်ထပ်ခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါသည်။ ထို့ပြင် နိုင်ငံကချီးမြှင့်မည့် လက်ထပ်ခြင်းဥပဒေပါ အကျိုးခံစားခွင့်များ ကိုလည်း မယူတော့ပါ။

ထို့ကြောင့် မိမိတို့ နှစ် ဦးတည်းသာ လက်ထပ်ခွင့်ပြုပါရန်လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

မောင်.......

ဒေသ (၁).......နိုင်ငံငယ်။

ထိုသတင်းမှာ နိုင်ငံငယ်လေးအတွင်း၌

ချက်ချင်း ပျံ့နှံ့သွားလေသည်။

ပထမဆုံး ကန့်ကွက်လွှာလျှောက်ထားမှု

ဖြစ်ခြင်းကြောင့်

တော် တော် များများ စိတ်ဝင်နေစားကြသည်။

ပိုဆိုးသည်က........

ပူးတွဲ လက်ထပ်ခံရမည့် အမျိုးသမီးလေးဦးက

ထိုကောင်လေးကို တရားစွဲဆိုလိုက်ခြင်း ဖြစ်သည်။

(၈)

ဤသို့ ဖြင့် တရားစွဲဆိုကြရာ တရားခွင်တွင် နှစ် ဖက်ရှေ့နေများ ဖြင့် အကြိတ်အနယ် ရှိလှသည်။

လက်ထပ်ခြင်းဆိုင်ရာအတွက် တရားစွဲဆိုခြင်းသည် ပထမဆုံး ဖြစ်သော ကြောင့် အနယ်နယ်အရပ်ရပ်က လူများ လာရောက်နားထောင်ကြသည်။

သတို့သားဘက်က ရှေ့နေကလည်း...

- သတို့သားနှင့် သူတို့သမီးတို့၏ အချစ်ရေး ကို မူတည်၍ လည်းကောင်း

- စိတ်ပိုင်းဆိုင်ရာနှင့် အခြားအခက်ခဲများ ကို လည်းကောင်း

- တိုင်းပြည်ငယ်လေး၏ အချစ်သမိုင်းကြောင်းကို ချိ၍ လည်းကောင်း

(ဤနေရာတွင် ရှေ့နေက နာမည် ကြီး အုပ်ချုပ်သူများ ၏ အချစ်ကိစ္စအကြောင်းကိုပါ ထည့်သွင်းပြောဆိုသွားသည်။) - မဆီမဆိုင် သတို့သား၏ ကျန်းမာရေး အခြေအနေကို လည်းကောင်း စသည်ဖြင့် တရားခွင်တွင် အချီအချပြောဆိုသည်။

ပူးတွဲ လက်ထပ်မည့် သတို့သမီးလေးဦးဘက်ကလည်း

- တရားဥပဒေအရ ပြုမူသင့်ကြောင်း

- ခွင့်ပြုခဲ့ပါက အခြားလူများ ကိုလည်း ထပ်မံခွင့်ပြုခြင်းဖြင့် ဥပဒေပျက်နိုင်ကြောင်း

- ပူးတွဲ သတို့သမီးလေးဦး၏ အထီးကျန်အခြေအနေများ ကို လည်းကောင်း စသည့်ဖြင့်ထည့်သွင်းပြောဆိုကြသည်။

တရားသူကြီးများ ကလည်း လွန်စွာခေါင်းရှုပ်နေကြတာ မည် သို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေကြသည်။

သို့ သော် ဥပဒေသည် ဥပဒေသာ ဖြစ်သော ကြောင့် လွန်ဆန်၍ မရချေ...။ နောက်ဆုံးတွင် အမိန့်ချမှတ်ရမည့်နေ့သို့ ရောက်လာခဲ့သည်။

(၉)

“အမိန့်.......”

အားလုံးတိတ်ဆိတ်နေသည်။

မျက်လွှာများ ချကာ တရားသူကြီး၏ ဆက်ပြောမည့် စကားများ ကိုသာ နားထောင်နေသည်။

ကောင်လေးအနီးရှိ ကောင်မလေး၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

“အမိန့်.......”

“..............”

“ဒေသ(၁) ရှိ၊ မောင်......သည်....နေ့တွင် လူဦးရေထိန်းချုပ်ရေး ရုံးသို့ တစ်ဦးတည်းသာလက်ထပ်လိုကြောင်း လျှောက်ထားခဲ့ပါသည်။ ဤသည်ကို မကျေမနပ်သော ကြောင့် ပူးတွဲ လက်ထပ်ခံ အမျိုးသမီးလေးဦးက ဥပဒေနှင့်အညီ တရားစွဲဆိုခဲ့ပါသည်။ နှစ် ဖက်အပြန်အလှန်လျှောက်လဲချက်များ ကို ကြည့်ပြီးနောက် တစ်ဖက်ပါအတိုင်း ဆုံးဖြတ်ချက်ချလိုက်သည်”

လက်ထပ်မည့် လူငယ်သည် ပူးတွဲ လက်ထပ်မည့် အမျိုးသမီး(၄) ဦး၏ ချွတ်ယွင်းချက် တစ်ခုစီကိုတရုံးသို့ အထောက်အထားနှင့်တကွ တင်ပြနိုင်လျှင် မိမိချစ်သူတစ်ဦးတည်းနှင့်သာ လက်ထပ်ခွင့်ပြုစေ...။

ပုံ<br>တရားသူကြီး<br>ဒေသ(၁) .....နိုင်ငံငယ်။

“ဟင်”

“ဟာ”

တရားရုံးအတွင်း း တီးတိုးပြောသံများ ထွက်ပေါ်လာသော်လည်း တရားသူကြီး၏ အမိန့်ကို လက်ခံကြသည့် ပုံပေါ်လွင်နေသည်။

လက်ထပ်မည့်ကောင်လေးကို ကြည့် လိုက်ကြသည်။ ကျေနပ်သည့်ပုံစံ ဖြစ်ပေါ်နေသော ကြောင့် ပူးတွဲ လက်ထပ်ခံအမျိုးသမီးများ ကိုလည်း

ကြည့်လိုက်သည်။

သူတို့လေးဦးကလည်း တရားသူကြီးအမိန့်ကို ကျေနပ်ပုံရကြသည်။ ထို့နောက် သူတို့လေးဦးက လက်ထပ်မည့်ကောင်လေးကို ကြည့်ပြီး ပြုံးပြကြသည်။

ကောင်လေးကတော့ ခပ်တည်တည်နှင့် ပြန်ကြည့်၏ ။

ဤသို့ ဖြင့်-

(၁၀)

အိမ်ရှေ့တွင် မတ်တပ်ရက်လိုက်သည်။ သူပူးတွဲ လက်ထပ်ရမည့် အမျိုးသမီး(၁)၏ အိမ်ရှေ့ ဖြစ်သည်။

သူ့ဆီက ချွတ်ယွင်းချက်(သို့ ) အပြစ်တစ်ခုခုရှာရမည် ။

ဘာရှာရမလဲ?

အိမ်ထဲမဝင်ခင် အရင်စဉ်းလိုက်သည်။

သူမ၏ အလှအပလား?

ခေါင်းခါလိုက်သည်။ မိန်းမတစ်ယောက်မလှခြင်းဟာ သူမရဲ့ အပြစ်ဟု ဆိုပါက ငါ့ကိုလူတွေ ကဲ့ရဲ့ကြလိမ့်မည် ။

ဒါဆိုဘာလဲ?

စဉ်းစားစမ်း.....။ စဉ်းစားစမ်း.......။

အသိတစ်ယောက်ပြောဖူးသည့် စကားကို သွားသတိရသည်။

“ဟင်းချက်ကောင်းတဲ့မိန်းမတစ်ယောက်ကို လှပတဲ့မိန်းတစ်ယောက်နဲ့ မလဲနိုင်ဘူးကွ”

ဟုတ်မဟုတ်တော့မသိပါ။

ဒါပေမယ့် အမျိုးသမီး(၁)၏ တံခါးကို ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်"

တံခါးပွင့်လာသည်။

ဖော်ရွေသော အပြုံးနှင့်အတူ အမျိုးသမီး(၁)က သူ့ကို နှုတ်ဆက်သည်။

"လာမယ်ဆိုလို့ စောင့်နေတာ....ထမင်းလည်း ပြင်ထားတယ်"

အတော် ပဲ ဖြစ်သွားသည်။

အိမ်ထဲလှမ်းဝင်လိုက်၏ ။ သူ့ရဲ့အပေါ်အင်္ကျီကို ချွတ်ပေးပြီး ဂျိတ်ပေါ်တွင် ချိတ်ပေးသည်။

"မောင်လေးက အမတို့နဲ့ လက်ထပ်ဖို့ဘာ ဖြစ်လို့ ငြင်းရတာ လဲ"

"ကိုယ့်ချစ်သူပဲ လက်ထပ်ချင်တာကိုးဗျ"

"အချစ်က အရေး ကြီးလား"

စကားနဲ့ပြန်မပြောပဲ ခေါင်းငြိမ့်ပြလိုက်သည်။

သူ့ရဲ့လေးနက်တဲ့ အသွင်အပြင်ကို အမျိုးသမီး(၁) မြင်သွားမှာ ပါ။ အမျိုးသမီး (၁)၏ ရုပ်ရည်သည် မဆိုးလှပါ။

အသားအရေကိုယ်နေဟန်ထားနှင့် အပြောအဆိုကပါ အခုအချိန်တွင် အပြစ်ပြောစရာတစ်ခုမှမရှိဘဲ ဖြစ်နေသည်။

သို့ သော် စိတ်ထဲတွင် အမျိုးသမီး(၁)နှင့် လက်မထပ်ချင်ပါ။ ထို့ကြောင့် သူ့အတွက် သူမရဲ့ အပြစ်တစ်ခုက အရေး တကြီးလိုနေသည်။

ဒါမှမဟုတ် အပြစ် ဖြစ်အောင် တစ်ခုခုလုပ်မလား?

"ထမင်းစားမလား၊ အမကိုယ်တိုင်ချက်ထားတာလေ"

“စားတော့စားပါမယ် အမ၊ ဒါပေမယ့် တစ်ခုတော့မေးချင်တယ်”

“မေးလေ”

“ကိုယ်မချစ်တဲ့သူနဲ့ ဒီလိုပူးတွဲ လက်ထပ်တာကို စိတ်မပျက်ဘူးလား”

“ဒါဆို…အစ်မက တစ်ခုပြန်မေးချင်တယ်”

“ဟုတ်ကဲ့”

“မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို လက်ထပ်တယ်ဆိုတာ ဘာ ဖြစ်လို့ လက်ထပ်တာလဲ”

“ဟင်”

သူပြန်မဖြေနိုင်ပါ။

အမျိုးသမီး(၁)က သူ့အဖြေကို စောင့်နေပါသေးသည်။ သူ မဖြေနိုင်မှန်းသိ၍ မတ်တပ်ရက်လိုက်ပြီး-

“ထမင်းစားရအောင်”

“ဟုတ်”

စက်ရုပ်တစ်ရုပ်လို မတ်တပ်ထရပ်မိသည်။

(၁၁)

“ဟာ”

ကောင်းလိုက်တဲ့ ဟင်း ဖြစ်သည်။ အရသာမှာ သူတစ်ခါမှ မစားဖူးသည့် အရသာ ဖြစ်သည်။

အမျိုးသမီး(၁)ကတော့ သူ့ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့်ပေးနေသည်။ အပြစ်ရှာဖို့ကိုမေ့ပြီး စားကောင်းကောင်းနှင့်

စားလိုက်တာတော် တော် လေးပင် ကုန်သွားသည်။

“စားကောင်းလိုက်တာ”

စိတ်ထဲက ချီးကျူးမိသည်။

ဟင်းချက်ခြင်းတွင် သူမ၏ အပြစ်များ ကို ရှာဖွေ၍ မရတော့…။ အခြားအပြစ်များ ကိုပဲ ထပ်ရှာရမည် ။

သို့ သော် ထိုနေ့က အမျိုးသမီး (၁) အိမ်ကသာပြန်သွားရသည်။ အပြစ်တစ်ခုမှ ရှာလို့မတွေ့ ခဲ့ပါ။

ဒီလိုနဲ့ …

(၁၂)

အမျိုးသမီး (၂) အိမ်ရှေ့တွင် ရပ်လိုက်သည်။

ဒီတစ်ခါတော့ မနေ့ကလို ထမင်းဟင်းချက်ခြင်းထဲကနေ အပြစ်မရှာချင်တော့…..။ ပညာရှင်တစ်ယောက်က ပြောဖူးသည်။

မိန်းမတစ်ယောက်၏ ဉာဏ်ရည်သည် လွန်စွာနိမ့်ပြီး ထိုဉာဏ်ရည်ကို ပြန်မြှင့်ရန် ကြိုးစားသူသည် အချည်နှီးသာ ဖြစ်ပေတော့မည် ”

ထိုစကားထဲကနေ အပြစ်ရှာရမည် ။

တံခါးခေါက်လိုက်သည်။

“ဒေါက်…..ဒေါက်”

(၁၃)

“ဒီထဲက ဘယ်စာလုံးပျောက်နေပါသလဲ”

B E – Q Z

အမျိုးသမီး (၂)က သူမေးသော စာရွက်ကို တစ်ချက်ကြည့်သည်။ ထို့နောက် ချက်ချင်း ဆိုသလိုပင် အဖြေချရေး လေသည်။

B E J Q Z

"အာ"

အဖြေက မှန်နေလေသည်။ သို့ သော် ပြန်စစ်ရဦးမည် ။

"ဘယ်လိုတွက်တာလဲ"

"B က အင်္ဂလိပ်အက္ခရာ 2 နေရာ မှာ ရှိတဲ့စာလုံး၊ E က 15 နေရာမှာ ရှိတဲ့စလုံး၊ Q က 17 မှာ ရှိတဲ့ စာလုံး၊ Z က 26 မှာ ရှိတဲ့စာလုံး"

"အင်း"

"ဒီတော့….."

B E _ Q Z

2 5 17 26

"တွေ းကြည့်ရင် သင်္ချာနည်းအရ ဒီလိုတွက်လို့ရတယ်"

12 = 1 + 1 = 2 = B

22 = 4 + 1 = 5 = E

32 = 9 + 1 = 10 =J

42 = 16 + 1 = 17 = Q

52 = 26 + 1 = 26 = Z

"လိုနေတာက J ဆိုတဲ့ 10 မှာ ရှိတဲ့ စာလုံးပဲ"

သူခေါင်းကုတ်လိုက်သည်။

သက်ပြင်းလည်း ချမိသည်။ သို့ ပေမယ့်လည်း နောက်တစ်ခုတော့ ထပ်မေးရဦးမည် ။